# ကလဟာဝိဝါဒသုတ် အနှစ်ချုပ်မြန်မာပြန်

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်)

နိမ္မိတဘုရားရှင် မေး။ ။ (၁) ခိုက်ရန်ဖြစ်မှု၊ (၂) ငြင်းခုံမှု၊ (၃) ဝန်တိုမှု၊ (၄) ငိုကြွေးမြည်တမ်းမှု၊ (၅) ပူဆွေးစိုးရိမ်မှု၊ (၆) ကုန်းတိုက်ချောပစ်မှု၊ (၇) မာန်မူမှု၊ (၈) အလွန်ထောင်လွှားမာန်မူမှုတို့သည်အဘယ်အကြောင်းကြောင့် ဖြစ်ပေါ် လာရပါသနည်း။

ပကတိဘုရားရှင် ဖြေ။ ။ဖော်ပြပါ တရားဆိုး(၈)ပါးတို့သည် ချစ်နှစ်သက်အပ်သော သတ္တဝါနှင့် သာယာဖွယ်အာရုံငါးပါးတို့ကြောင့်ဖြစ်ပေါ် လာရသည်၊ ခိုက်ရန်ဖြစ်မှုနှင့် ငြင်းခုံမှုတို့သည် ဝန်တိုမှုကြောင့် ဖြစ်ပေါ် ကုန်၏။ ငြင်းခုံမှုကြောင့် ကုန်းတိုက်မှုတို့ ဖြစ်တတ်ကုန်၏။

နိမ္မိတဘုရားရှင် မေး။ ။ အဘယ်ကြောင့် သတ္တဝါနှင့်အာရုံငါးပါးတို့ကိုချစ်နှစ်သက်ကြပါသနည်း။ လူသားတို့၏ တပ်မက်မှုသည်လည်း အဘယ်ကြောင့် ဖြစ်ပေါ် လာပါသနည်း။ လူတို့သည် လာဘ်ရမှုစသော ချမ်းသာမှုကို တောင့်တကြပါသည်၊ ပြည့်စုံလိုကြပါသည်။ ထိုသို့ဖြစ်ခြင်း၏ အကြောင်းရင်းကားအဘယ်ပါနည်း။

ပကတိဘုရားရှင် ဖြေ။ ။ကာမဂုဏ်တို့၌ တပ်မက်သောသဘော "ကာမစ္ဆန္ဒ" တရားကြောင့် ဖြစ်ချေသည်။

နိမ္မိတဘုရားရှင် မေး။ ။ ကာမဂုဏ်တို့၌ တပ်မက်သော "ကာမစ္ဆန္ဒ"သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ် လာပါသနည်း။ အမျက်ထွက်မှု, မုသားပြောဆိုမှု, ယုံမှားမှုတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်ကြပါသနည်း။

ပကတိဘုရားရှင် ဖြေ။ ။ ထိုတရားတို့သည် သာယာဖွယ်, မသာယာဖွယ် နှစ်ပါးတို့ကြောင့် ဖြစ်ပေါ်ကြရသည်။

နိမ္မိတဘုရားရှင် မေး။ ။ တပ်မက်မှု တဏှာ, အမြင်မှားမှု ဒိဋ္ဌိ တို့ဖြင့် ဆုံးဖြတ်ခြင်းတို့သည်အဘယ်အကြောင်းကြောင့်ဖြစ်ကုန်သနည်း။

ပကတိဘုရားရှင် ဖြေ။ ။ လောက၌ သတ္တဝါတို့သည် ရုပ်တရားတို့၌ဖြစ်မှု ပျက်မှုတို့ကို "ငါ၏ ရုပ်အဆင်းစသည်တို့သည် ဖြစ်ကုန်၏၊ ငါ၏ ရုပ်အဆင်းစသည်တို့သည်ပျက်ကုန်၏" ဟုသာ မြင်ကြကုန်သည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ဖြင့် ဆုံးဖြတ်ကြကုန်၏။

နိမ္မိတဘုရားရှင် မေး။ ။ သာယာဖွယ်, မသာယာဖွယ် သဘောတရားတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်ကြပါသနည်း၊ အဘယ်တရားမရှိလျှင် သာယာဖွယ်, မသာယာဖွယ်တို့ မဖြစ်ပါကုန်သနည်း၊ အစဉ်အမြဲဖြစ်တည်နေသည်ဟူသောအယူ "သဿတဒိဋ္ဌိ"နှင့် ပြတ်စဲသွားသည်ဟူသောအယူ "ဥစ္ဆေဒဒိဋ္ဌိ"တို့သည် အဘယ်ကြောင့် ဖြစ်ပါသနည်း။

ပကတိဘုရားရှင် ဖြေ။ ။ ထိုတရားတို့သည် တွေ့ထိမှု ဖဿကြောင့် ဖြစ်ကြသည်။

နိမ္မိတဘုရားရှင် မေး။ ။ တွေ့ထိမှုဖဿသည် အဘယ်ကြောင်းကြောင့်ဖြစ်ပါသနည်း။ သိမ်းဆည်းမှု တဏှာ ဒိဋ္ဌိတို့သည် အဘယ်အကြောင်းကြောင့်ဖြစ်ပါသနည်း။ "ငါ့ဟာ၊ ငါ့ဥစ္စာ"ဟု စွဲလမ်းသော တဏှာဒိဋ္ဌိတို့သည် အဘယ်အကြောင်းကြောင့်ဖြစ်ပါသနည်း။ အဘယ်တရားများမရှိမှ ဖဿနှင့် တဏှာဒိဋ္ဌိတို့ ကွယ်ပျောက်နိုင်ပါသနည်း။

ပကတိဘုရားရှင် ဖြေ။ ။ရုပ်နာမ်ကြောင့် တွေ့ထိမှုဖဿဖြစ်သည်။ အလိုဣစ္ဆာကြောင့် သိမ်းဆည်းမှု တဏှာ ဒိဋ္ဌိဖြစ်သည်။ တဏှာတည်းဟူသော အလိုဣစ္ဆာမရှိလျှင် စွဲလမ်းမှုမရှိချေ၊ ရုပ်တရားကို ကွယ်ပျောက်နိုင်လျှင် ဖဿကွယ်ပျောက်၏။

နိမ္မိတဘုရားရှင် မေး။ ။ ရုပ်ကိုလွန်မြောက်အောင်မည်သို့ကျင့်ရပါမည်နည်း။မည်ကဲ့သို့ကျင့်သူအား ချမ်းသာရုပ်၊ ဆင်းရဲရုပ် မဖြစ်ပါသနည်း။

ပကတိဘုရားရှင် ဖြေ။ ။ ရူပါဝစရစတုတ္ထဈာန်ကိုရပြီးသူသည် အာကာသာနဉ္စာယတနဈာန်ရရန်ကျင့်နေပါလျှင် ရုပ်ကိုလွန်မြောက်နိုင်သည်။ယင်းသို့ရုပ်ကို လွန်မြောက်နိုင်သော်လည်းနာမ်သညာရှိနေသေးသည့် အတွက် ထိုသူ့မှာ သံသရာချဲ့တတ်သောတဏှာ မာန ဒိဋ္ဌိတို့ ရှိနေသေး၏။

နိမ္မိတဘုရားရှင် မေး။ ။ ဤလောက၌ ပညာရှိဟု အခေါ်ခံနေရသော အချို့ပုဂ္ဂိုလ်တို့က အရူပဈာန်ကိုပင် လောကုတ္တရာ နိဗ္ဗာန်ဟု ပြောဆိုနေကြပါသလော။သို့မဟုတ် အရူပဈာန်မှတပါးအခြားသောအရာကိုနိဗ္ဗာန်ဟု ပြောဆိုနေကြပါသလော။

ပကတိဘုရားရှင် ဖြေ။ ။ "အချို့မှာ တည်မြဲ၍၊ အချို့မှာ မတည်မြဲ"ဟူသောအယူ "ဧကစ္စ-သဿတဝါဒ ဒိဋ္ဌိ" ရှိသော ပညာရှိခေါ် ခံ ပုဂ္ဂိုလ်တို့သည် အရူပဈာန်ကိုပင် နိဗ္ဗာန်ဟု ယူဆနေကြ၏။ 'ဘဝပြတ်စဲသည်' ဟူသော အယူ 'ဥစ္ဆေဒဒိဋ္ဌိ'ရှိသူ ပညာရှိအခေါ် ခံ ပုဂ္ဂိုလ်တို့ကမူကား အရူပဈာန်ရပြီး၍ သေသည့်အခါ ယခုဘဝ မိမိ လက်ရှိ ရုပ်နာမ်တို့ ကင်းချုပ်ပြီးနောက်တစုံတခုသောဘဝသို့မရောက်ရပဲ ဘဝပြတ်စဲချုပ်ငြိမ်းမှုတည်းဟူသော နိဗ္ဗာန်တမျိုးကို တွေ့ရသည်ဟု ယူဆပြောဆိုကြသည်။

သဗ္ဗညုတဉာဏ်ရှင် ငါဘုရားရှင်သည် ထိုမိစ္ဆာအယူမှားများကို သိပြီးဖြစ်ရုံမျှမက ထိုအယူများ၏ အနိစ္စစသော သဘောများကိုလည်းသိမြင်ပြီးဖြစ်၍ မည်သူနှင့်မျှ ငြင်းခုံစရာ မလိုတော့ချေ။

(ပခုက္ကူ မဟာဝိသုတာရာမ တိုက်အုပ်ဆရာတော် ဦးနန္ဒိယရေးသော မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့် အဓိပ္ပါယ်အဖွင့်ကျမ်းမှ-)

# ကလဟ ဝိဝါဒသုတ်

(၂၀၁၂-ခုနှစ်၊ မတ်လ ၂၅-ရက်။)

(ကလဟ=ခိုက်ရန်ဖြစ်ခြင်း၊ ဝိဝါဒ=ငြင်းခုံခြင်း။ ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း စသော မကောင်းမှုတရားဆိုးများကို ပယ်ရှားနိုင်ရန် ဟောကြားတော်မူသောသုတ်။ မြတ်စွာဘုရားသည် ဤသုတ်ကို ဒေါသစရိုက်များသော နတ်ပြဟ္မာတို့အတွက် ဟောတော်မူသည်။)

**နိမ္မိတရုပ်ပွားဘုရား၏ပထမ အမေးဂါထာ**

**၁။ ကုတောပဟူတာ လကဟာ ဝိဝါဒါ၊**
**ပရိဒေဝသောကာ သဟမစ္ဆရာ စ။**
**မာနာတိမာနာ သဟပေသုဏာ စ၊**
**ကုတောပဟူတာ တေ တဒိုင်ဃ ဗြူဟိ။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား... ကိုယ်လက်ထိပါး ခိုက်ရန်ဖြစ်ပွားခြင်းတို့သည်၄င်း၊ ခိုက်ရန်မဖြစ်ခင် ဆန့်ကျင်ဘက်ကို ပြောဆိုငြင်းခုံကြရခြင်းသည်၄င်း၊ ငိုကြွေးမြည်တမ်းခြင်း၊ စိုးရိမ်ပူဆွေးခြင်းတို့သည်၄င်း၊ မနာလိုဝန်တိုခြင်းတို့သည်၄င်း၊ ကုန်းတိုက်ခြင်းတို့သည်၄င်း၊ မာန်မူခြင်း အလွန်မာန်မူခြင်းတို့သည်၄င်း၊ ထိုရှစ်ပါးသောတရားတို့သည်အဘယ်အကြောင်းကြောင့်ဖြစ်ပါကုန်သနည်း။ တောင်းပန်ပါ၏။ ထိုအကြောင်းကို ဟောတော်မူပါလော့။**

မှတ်ချက်။ ။ပြဟ္မာ ၁၉-ဘုံတွင်(အသညသတ်မပါ)ပြဟ္မာဖြစ်နေဆဲအခါ၌ ဒေါသမရှိ။ သို့သော် ရှေ့ဘဝ နောက်ဘဝတို့၌ ဖြစ်သောဒေါသများကို သိမြင်တော်မူ၍ ဤသုတ်ကိုဟောတော်မူသည်။ (မဟာစည်ဆရာတော်)

**အဖြေဂါထာ**

**၂။ ပိယပ္ပဟူတာ ကလဟာ ဝိဝါဒါ၊**
**ပရိဒေဝသောကာ သဟမစ္ဆရာ စ။**
**မာနာတိမာနာ သဟပေသုဏာ စ၊**
**မစ္ဆေရယုတ္တာ ကလဟာ ဝိဝါဒါ။**
**ဝိဝါဒဇာတေသု စ ပေသုဏာနိ။**

**မြန်မာပြန်။ ။နိမ္မိတရုပ်ပွား မြတ်စွာဘုရား... ကိုယ်လက်ထိပါး ခိုက်ရန်ဖြစ်ပွားခြင်းတို့သည်၄င်း၊ ခိုက်ရန်မဖြစ်ခင် ဆန့်ကျင်ဘက်ကို ပြောဆိုငြင်းခုံကြရခြင်းသည်၄င်း၊ ငိုကြွေးမြည်တမ်းခြင်းစိုးရိမ်ပူဆွေးခြင်းတို့သည်၄င်း၊ မနာလိုဝန်တိုခြင်းတို့သည်၄င်း၊ ကုန်းတိုက်ခြင်းတို့သည်၄င်း၊ မာန်မူခြင်း အလွန်မာန်မူခြင်းတို့သည်၄င်း ချစ်အပ်သောသတ္တဝါသင်္ခါရလျှင် အမွန်အစ ဖြစ်ကြောင်းရှိကုန်၏။ ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်းတို့သည် မနာလိုဝန်တိုခြင်းဟူသော အကြောင်းနှင့်လည်း ယှဉ်ကုန်၏။ အငြင်းအခုံ ဖြစ်ကုန်သည်ရှိသော် ကုန်းတိုက်ခြင်းတို့ ဖြစ်ပေါ်လာကြကုန်၏။**

**ချစ်ခင်စရာ ၂-မျိုး**

၁။ သက်ရှိသတ္တဝါကို ချစ်ခင်မှု

၂။ သက်မဲ့ သင်္ခါရဝတ္ထု အသုံးအဆောင်ကို ချစ်ခင်မှု

**ကိလေသာ (၈)ပါးဖြစ်လာခြင်း**

မိမိချစ်ခင်နှစ်သက်အပ်သော သတ္တဝါ သင်္ခါရဝတ္ထုပစ္စည်းတို့ သူတပါးလက်သို့ ရောက်မည်စိုး၍၄င်း၊ ရောက်ဆဲဖြစ်၍၄င်း၊ ရောက်သွားပြီးဖြစ်၍၄င်း၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် ပျက်စီးမည်ထင်၍၄င်း၊ ပျက်စီးဆဲဖြစ်၍၄င်း၊ ပျက်စီးပြီးဖြစ်၍၄င်း၊ ထိုအရေးတို့ကို အကြောင်းပြု၍ --

၁။ ကလဟ-ဟုခေါ်သော ကိုယ်ထိလက်ရောက် ရိုက်နှက်ထိုးသတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်အိမ်နှင့်တစ်အိမ်၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်ပြည်နှင့်တစ်ပြည် တိုက်ခိုက်ခြင်းတို့လည်း ဖြစ်ပေါ်ကုန်၏။

၂။ ဝိဝါဒ- အယူအဆ ကွဲလွဲ ဆဲဆို ငြင်းခုံကြကုန်၏။

၃။ ပရိဒေဝ- ထုတ်ဖော်တ,သ နမြောလှသဖြင့် ငိုကြွေးကြရကုန်၏။

၄။ သောက- တအုံနွေးနွေး စိတ်မအေးဘဲ ပူနွေးစိုးရိမ် ကြရကုန်၏။

၅။ မစ္ဆေရ- စောင့်ရှောက်ဖုံးဝှက်ခြင်း၊ သိမ်းပိုက်ဆုပ်ကိုင်ခြင်း၊ ငါ့ဟာ ငါ့ဉစ္စာ ငါ့ဒကာ ငါ့ကျောင်း စသည်ဖြင့် ကြွေးကြော်ဖော်ပြခြင်းတို့ဖြင့် သူတပါးနှင့်မပတ်သက် မဆက်ဆံအောင် ဝန်တိုလာကြကုန်၏။

၆။ ပေသုည- မိမိဘက်သိုပါလာရန်၄င်း၊ သူတို့အချင်းချင်းကွဲရန်၄င်း ကုန်းတိုက်ကြကုန်၏။

၇။ မာန- ဤမျှလောက်ချစ်ဘွယ် နှစ်သက်ဘွယ်ကောင်းသော အရာဝတ္ထုကို ငါတို့ရနိုင်ကြသည်ဟု ချစ်ဘွယ် ဝတ္ထုကိုမှီ၍ မာန်မူကြကုန်၏။

၈။ အတိမာန- ဤချစ်ခင်နှစ်သက်ဘွယ်အရာဝတ္ထုတွေကို ငါတို့သာ ရနိုင်၏။ တပါးသော လူနုံလူညံ့တို့ကား ရနိုင်ဘို့မဆိုထားဘိ၊ တွေ့ဘူးမြင်ဘူးရုံမျှ မရှိကြကုန်ဟု သူတပါးတို့အပေါ်၌ ကျော်လွှားလွန်တက်၍ မာန်မူကြကုန်၏။ (မိမိကိုယ်ကိုယ် အထင်ကြီးပြီး သူတစ်ပါးအပေါ် အထင်သေးသည့် မာန။)

ထိုမှတပါး အထက်ပါ (၈)မျိုးတို့တွင် ဝန်တိုခြင်းမစ္ဆေရမှတပါး အခြားကိလေသာ(၇)ပါးသည် ဝန်တိုမှုကြောင့်လည်း ဖြစ်ကုန်၏။ ထိုမှတပါး ကုန်းတိုက်မှုသည် ငြင်းခုံမှုဟူသော ဝိဝါဒကြောင့်လည်း ဖြစ်ကုန်၏။

**အချုပ်မှတ်ရန်။**

(က) ကုန်းတိုက်မှုသည် ချစ်ဘွယ်ဝတ္ထုကြောင့်၄င်း၊ ဝန်တိုမှုကြောင့်၄င်း၊ ငြင်းခုံမှုကြောင့်၄င်း ဤသုံးကြောင့် ဖြစ်တတ်ကုန်၏။

(ခ) ခိုက်ရန်ဖြစ်မှု၊ ငြင်းခုံမှု၊ ငိုကြွေးမှု၊ စိုးရိမ်မှု၊ မာန်ထောင်မှု၊ သူတစ်ပါးအထင်သေးပြီး မိမိကိုယ်ကိုယ် အထင်ကြီးမှု မာန၊ ဤခြောက်ပါးတို့သည် ချစ်ဘွယ်ဝတ္ထုကြောင့်၄င်း၊ ဝန်တိုမှုကြောင့်၄င်း ဤနှစ်ပါးကြောင့် ဖြစ်တတ်ကုန်၏။

(ဂ) ဝန်တိုမှုသည် ချစ်ဘွယ်ဝတ္ထုဟူသော တစ်ပါးကြောင့်သာ ဖြစ်တတ်၏။

**ဣဿာနှင့် မစ္ဆရိယ အတူဖြစ်တတ်။** ။ဝန်တိုမှု မစ္ဆရိယကိုဆိုတိုင်း မနာလိုမှု ဣဿာကိုလည်း ယူသင့်ပေသည်။ သတ္တဝါတွေငြင်းခုံ ရန်ဖြစ်နေကြခြင်းသည် ကိုယ်ပိုင်တွေကို သူတစ်ပါးမပိုင်စေချင်သော မစ္ဆရိယကြောင့် ဖြစ်ကြသလို သူကောင်း စားတာကို မနာလိုသော ဣဿာကြောင့်လည်း ဖြစ်ကြ၏။

(မဟာစည်ဆရာတော်၏ မဟာသမယသုံးသုတ်တရားတော်မှ)

ဆောင်ပုဒ်။  ။ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန်ပ,လျက်၊ အေးမြချမ်းသာ၊ နေလိုပါ
လည်း၊ ဣသော မဓွေ၊ သူရှုပ်ပွေ၍၊ ထင်ချေမကျ၊ ဆင်းရဲရတည်း။

(မဟာစည်ဆရာတော်၊ သက္ကပဉှသုတ် တရားတော်မှ)

**ဒုတိယ အမေးဂါထာ**

**၃။ ပိယာ သု လောကသ္မိံ ကုတောနိဒါနာ၊**
**ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။**
**အာသာ စ နိဋ္ဌာ စ ကုတောနိဒါနာ၊**
**ယေ သမ္ပရာယာယ နရဿ ဟောန္တိ ။**

**မြန်မာပြန်။  ။ဂေါတမနွယ်ဘွားရှင်တော်မြတ်ဘုရား.. လောက၌ ချစ်အပ်သောသတ္တဝါ သင်္ခါရတို့သည် (ဝါ) သတ္တဝါသင်္ခါရတို့၌ ချစ်ခြင်းတို့သည် အဘယ်ကြောင့် ဖြစ်လာပါကုန်သနည်း။ ထို့ပြင် လောက၌ အကြင်သတ္တဝါတို့သည် ထိုချစ်ဖွယ်ဝတ္ထု၌ တပ်မက်သော လောဘကြောင့် ထိုထို၌ ကြံ့ လှည့်လည်ကျက်စား ပျော်ပါးနေထိုင်ကြကုန်၏။ ထိုလှည့်လည်ခံစားသူတို့၏လောဘသည်လည်း အဘယ်အကြောင်းကြောင့်ဖြစ်ပါကုန်သနည်း။ လူနတ်ပုဂ္ဂိုလ်သတ္တဝါ၏ မှီခိုအားထားရာဖြစ်ကုန်သောကာမဂုဏ်ငါးပါး စသော အကျိုးစီးပွားတို့၌ တောင့်တခြင်းသည်၎င်း၊ တောင့်တသည်အတိုင်းပြီးစီးပြည့်စုံခြင်းသည်၎င်း အဘယ်အကြောင်းကြောင့်ဖြစ်ပါသနည်း။**

**အတိုချုပ်။  ။(၁)ချစ်ဖွယ်အာရုံ(ကာမဂုဏ်)၌ ချစ်ခြင်း၊ ၄င်းကိုချစ်သည့်အတိုင်းလှည့်လည်ခံစားမှု၊ (၂) ကြို တင်တောင့်တခြင်းတဏှာနှင့် တောင့်တတိုင်းပြည့်စုံမှု၏ အကြောင်းရင်းကို၎င်း မေးတော်မူ၏။**

**အဖြေဂါထာ**

**၄။ ဆန္ဒာနိဒါနာနိ ပိယာနိ လောကေ၊**
**ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။**
**အာသာ စ နိဋ္ဌာ စ ဣတောနိဒါနာ၊**
**ယေ သမ္ပရာယာယ နရဿ ဟောန္တိ ။**

**မြန်မာပြန်။  ။မုနိရှုပ်ပွား မြတ်စွာဘုရား..လောက၌ ချစ်ခင်အပ်သော သတ္တဝါသင်္ခါရဟူသောအာရုံတို့သည် (ဝါ) သတ္တဝါသင်္ခါရတို့၌ ချစ်ခြင်းတို့သည် ကာမဂုဏ်တို့၌ နှစ်သက်တောင့်တခြင်းဟူသော ကာမစ္ဆန္ဒကြောင့် ဖြစ်ကုန်၏။ ထိုမှတစ်ပါး လောက၌ တက်မက်မှုလောဘကြောင့်လှည့်လည်ခံစားကြကုန်သောသတ္တဝါတို့၏ လောဘသည်လည်း နှစ်သက်တပ်မက်ခြင်းကာမစ္ဆန္ဒသာ အရင်းခံအကြောင်းရှိ၏။လူနတ်ပုဂ္ဂိုလ် သတ္တဝါ၏ မှီခိုအားထားရာဖြစ်ကုန်သောကာမဂုဏ်ငါးပါးစသောအကျိုးစီးပွါးတို့၌တောင့်တခြင်းသည်၎င်း၊ တောင့်တသည့် အတိုင်း ပြီးစီးပြည့်စုံခြင်းသည်၎င်း ဤတဏှာဆန္ဒကြောင့်သာလျှင်ဖြစ်၏။**

**မူရင်းလက်သည်**

(၁) ချစ်ခင်နှစ်သက်ဖွယ်ရာ ကာမဂုဏ်ကို ချစ်ခင်နှစ်သက်ခြင်းနှင့် ချစ်ခင်နှစ်သက်သည့်အတိုင်း ခံစားမှု၊ (၂) ကြိုတင်တောင့်တမှု တဏှာနှင့် တောင့်တတိုင်းပြည့်စုံမှု၊ ဤတရားများကို စီမံဖန်တီးသည့် အကြောင်းရင်း လက်သည်ကား **<u>ဆန္ဒခေါ် သည့် တဏှာလောဘပင်</u>** ဖြစ်၏။

မှတ်ချက်။ ။မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိုသောဆန္ဒမှာ ကုသိုလ်ဆန္ဒဖြစ်၍ ပယ်ရမည့်အရာမဟုတ်။ ပွားရမည် အရာသာဖြစ်သည်။

**ဆန္ဒခေါ် တဏှာလောဘ (၅)မျိုး**

၁။ ပရိယေသန ဆန္ဒ = ကာမဂုဏ်ကို ရှာဖွေမှု၌ တင်းတိမ်မှု မရှိခြင်း။
၂။ ပဋိလာဘ ဆန္ဒ = ကာမဂုဏ်ကို ရရှိခြင်း၌ တင်းတိမ်မှု မရှိခြင်း။
၃။ ပရိဘောဂ ဆန္ဒ = ကာမဂုဏ်ကို သုံးဆောင်ခံစားမှု၌ တင်းတိမ်မှု မရှိခြင်း။
၄။ သန္နိဓိ ဆန္ဒ = ကာမဂုဏ်ကို သိုမှီးသိမ်းဆည်းခြင်း၌ တင်းတိမ်မှု မရှိခြင်း။
၅။ ဝိသဇ္ဇန ဆန္ဒ = ပစ္စုပ္ပန်အကျိုးကိုမြော်၍ ကာမဂုဏ်ကို စွန့်ကြဲခြင်း၌ တင်းတိမ်မှု မရှိခြင်း။
(မဟာနိဒ္ဒေသပါဠိ၊ ၂၀၁-၂။)

(နောင်ကြိုး နောင်အိမ်ကဲသို့ ဖြတ်မရအောင် ရုန်းမထွက်နိုင်အောင် လိုချင်မှုဖြင့် စွဲလမ်းအပ်သော အရာဝတ္ထု အပေါင်းသည် ကာမဂုဏ=ကာမဂုဏ် မည်၏။)

**ဆန္ဒတဏှာနှင့် ရာဂတဏှာ ၂-မျိုး**

ဆန္ဒတဏှာသည် အာရုံတစ်မျိုးမျိုး၌ ရှေးဦးစွာဖြစ်ပြီး အားနည်း၏။ ရာဂတဏှာသည် နောက်ထပ် အဆင့်ဆင့် ဆက်ကာဆက်ကာဖြစ်၍ အားကြီး၏။ ထို့ကြောင့် ရှေးရှေးဖြစ်သော အားနည်းသော ဆန္ဒတဏှာ သည် နောက်နောက်ဖြစ်သော အားကြီးသော တဏှာ၏ အကြောင်းရင်း မူလဖြစ်၏။

**ရှာမှီးသည့်တဏှာနှင့် သိမ်းဆည်းသည့်တဏှာ**

၁။ ဧသန တဏှာ = ရှာမှီးခြင်းအားဖြင့် တပ်မက်သောတဏှာ
၂။ ဧသိတ တဏှာ = ရှာမှီး၍ရလာသော ပစ္စည်းဝတ္ထုများ၌ တပ်မက်သောတဏှာ

**ဧသိတ တဏှာ ၄-မျိုး**

၁။ ပဋိလာဘ တဏှာ = အာရုံဝတ္ထုကို ရှာမှီး၍ ရလာပြန်သော်လည်း အားရတင်းတိမ်မှု မရှိ၊ ရပြီးရင်း ရချင်ရင်း အတောမသတ် အထပ်ထပ် ရလိုမှုတဏှာ။

၂။ ပရိဘောဂ တဏှာ = အာရုံကို သုံးဆောင်ခံစားမှု၌လည်း အားရတင်းတိမ်မှု မရှိဘဲ မန္ဓာတုစကြာ မင်းကြီး၏ တဏှာကဲ့သို့ အဆုံးမသတ်နိုင်သော တဏှာ။

၃။ သန္နိဓိတဏှာ = ရပြီးသမျှသုံးဆောင်ခံစားရသော်လည်း ထိုနှင့်အားမရသေးဘဲ နောင်အနာဂတ် အရေး မြော်တွေး၍ သိမ်းဆည်းထားရာ၌လည်း အားရသည်မရှိ၊ ပြည့်သည်ထက် ပြည့်အောင် အထပ်ထပ် ဖြည့် လိုသော တဏှာ။

၄။ ဝိသဇ္ဇန တဏှာ = ပစ္စုပ္ပန်အကျိုး မြော်ကိုးတောင့်တလျက် ဤသို့ပေးကမ်းချီးမြှောက်ထားလျှင် ငါ့အား စောင့်ရှောက်လိမ့်မည်၊ ငါ့အလို လိုက်လိမ့်မည်၊ အရေးရှိက ဝိုင်းဝန်းကူညီလိမ့်မည် စသည်ဖြင့် ကိုယ် ကျိုးအတွက် ခွဲခြမ်းဖြန့်ဝေ ပေးကမ်းထားခြင်း။

**တတိယ အမေးဂါထာ**

**၅။ ဆန္ဒော နု လောကသ္မိံ ကုတောနိဒါနော၊**

ဝိန္နံ့စွယာ စာပိ ကုတောပဟူတာ။
ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ယေ ဝါပိ ဓမ္မာ သမဏေန ဝုတ္တာ။

မြန်မာပြန်။ ။ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား... လောက၌ တောင့်တတတ်သော တဏှာဆန္ဒသည် အဘယ့်ကြောင့် ဖြစ်ပါသနည်း။ ဆုံးဖြတ်တတ်သော တဏှာတရားသူကြီး၊ဒိဋ္ဌိတရားသူကြီးတို့ သည်လည်း အဘယ့်ကြောင့် ဖြစ်ပါကုန်သနည်း။ အမျက်ထွက်ခြင်း, လိမ်လည်ပြောဆိုခြင်း, ယုံမှားခြင်းတို့ သည်လည်း အဘယ့်ကြောင့် ဖြစ်ပါကုန်သနည်း။ အကြင်အမျက်ဒေါသ, လိမ်လည်ခြင်း, ယုံမှားခြင်းတို့ နှင့် တကွဖြစ်ကုန်သော သမ္ပယုတ်တရားတို့ ကိုမြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်ပြီ။ ထိုတရားတို့ သည်လည်းအဘယ့်ကြောင့် ဖြစ်ပါကုန်သနည်း။

အဓိပ္ပါယ်။ ။တောင့်တတတ်သော တဏှာဆန္ဒ၊ ဆုံးဖြတ်တတ်သော တဏှာဝိနိစ္ဆယ၊ ဆုံးဖြတ်တတ်သော ဒိဋ္ဌိဝိနိစ္ဆယ၊ အမျက်ထွက်တတ်သော ဒေါသ၊ လိမ်လည်လှည့်ဖြားတတ်သော မုသာဝါဒ၊ ယုံမှားတတ်သော ဝိစိကိစ္ဆာ၊ ၎င်းတို့ နှင့် ယှဉ်တွဲဖြစ်သော အကုသိုလ်တရားစု၊ ဤတရားတို့ သည် အဘယ့်ကြောင့် ဖြစ်ကုန်သနည်း။

အဖြေ (၂)ဂါထာ

၆။ သာတံ အသာတန္တိ ယ'မာဟု လောကေ၊
တ'မူပနိဿာယ ပဟောတိ ဆန္ဒော။
ရူပေသု ဒိသွာ ဝိဘဝံ ဘဝဉ္စ၊
ဝိနိစ္ဆယံ ကုဗ္ဗတိ ဇန္တု လောကေ။

မြန်မာပြန်။ ။မုနိရုပ်ပွား မြတ်စွာဘုရား... လောက၌ အကြင်သုခဝေဒနာ ဒုက္ခဝေဒနာ ထိုဝေဒနာတို့ ၏ ဣဋ္ဌာရုံ အနိဋ္ဌာရုံကို "မိမိကို သာယာစေတတ်သောတရားမသာယာစေတတ်သောတရား"ဟူ၍ ဆိုကုန်၏။ ထို သာယာစေတတ် မသာယာစေတတ်ဟု ဆိုအပ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဣဋ္ဌာရုံ အနိဋ္ဌာရုံကို အမှီပြု၍ လက်ဦးအစ လိုချင်တပ်မက်မှု တဏှာဆန္ဒ စ၍ဖြစ်ပေါ် လာ၏။ လောက၌ သတ္တဝါသည် ရုပ်ဝတ္ထု(ပစ္စည်း)တို့ ၌၊ (ဝါ) မဟာဘုတ် ဥပါဒါရုပ်တို့ ၌ ပျက်စီးခြင်းကို၎င်း၊ ဖြစ်ပွားလာခြင်းကို၎င်း မြင်ရသောကြောင့် တဏှာဒိဋ္ဌိဖြင့် ဆုံးဖြတ်ခြင်းကို ပြု၏။

၇။ ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ဧတေပိ ဓမ္မာ ဒွယမေဝ သန္တေ။
ကထံကထီ ဉာဏပထာယ သိက္ခေ၊
ဉတွာ ပဝုတ္တာ သမဏေန ဓမ္မာ။

မြန်မာပြန်။ ။အမျက်ဒေါသထွက်ခြင်း, လိမ်လည်ပြောဆိုခြင်း, ယုံမှားခြင်း, ဤတရားတို့ သည်လည်း သာယာဖွယ် မသာယာဖွယ်ဟူသော သုခ, ဒုက္ခ ရှိသော်သာလျှင် ဖြစ်ပေါ် လာကုန်၏။ တွေးတောယုံမှားရှိသော ပုဂ္ဂိုလ်သည် "ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားသည် ကိုယ်တိုင်ကျွန် သိပြီးမှ ဟောတော်မူအပ်သော တရား တော်ပေတည်း"ဟု ဆင်ခြင်၍ သိက္ခာသုံးပါးကို ကျင့်ဆောင်ရာ၏။

**တဏှာဆန္ဒဖြစ်ခြင်း။** ။သာယာဖွယ် မသာယာဖွယ်နှစ်ပါးကြောင့် လက်ဦးအစ တဏှာဆန္ဒဖြစ်လာ၏။

**သာယာဖွယ်လေးပါး**

၁။ ကိုယ်ချမ်းသာခြင်း သုခ

၂။ စိတ်ချမ်းသာခြင်း သောမနဿ

၃။ အလိုရှိအပ်သော ဣဋ္ဌာရုံ

၄။ ထိုဣဋ္ဌာရုံကို အလိုရှိခြင်း အနုသယ

ဤလေးပါးကိုမှီ၍ တောင့်တခြင်း တဏှာဆန္ဒဖြစ်၏။

**မသာယာဖွယ်လေးပါး**

၁။ ကိုယ်ဆင်းရဲခြင်း ဒုက္ခ

၂။ စိတ်ဆင်းရဲခြင်း ဒေါမနဿ

၃။ အလိုမရှိအပ်သော အနိဋ္ဌာရုံ

၄။ ထိုအနိဋ္ဌာရုံကို အလိုမရှိခြင်း ပဋိဃ

ထိုလေးပါးနှင့်တွေ့ကြုံလာလျှင် ၎င်းတို့မှ လွတ်မြောက်လိုခြင်း တဏှာဆန္ဒဖြစ်၏။

**ရုပ်ဝတ္ထုပစ္စည်းတို့ ပျက်စီးခြင်း-တိုးပွါးခြင်းတို့ကြောင့်တဏှာဝိနိစ္ဆယဖြစ်ပုံ။**

စီးပွါးပျက်ကြောင်း (၆)ပါး-

၁။ သေသောက်ကြူးခြင်း

၂။ အချိန်မဲ့ အလည်အပတ်များခြင်း

၃။ ပွဲလမ်းသဘင် ပျော်ရွှင်မှုများခြင်း

၄။ လောင်းကစားကြူးခြင်း

၅။ မိတ်ဆွေယုတ်နှင့်ပေါင်းခြင်း

၆။ အလုပ်ပျင်းခြင်း

မိမိစည်းစိမ်ဥစ္စာများတိုးပွားလာရန် အထက်ပါ ပျက်စီးကြောင်း(၆)ပါးမှ ရှောင်ကြဉ်ရန် တဏှာက ဆုံးဖြတ်ပေးလိုက်၏။ လယ်လုပ်ခြင်း, ရောင်းဝယ်ခြင်း စသော ဥစ္စာရကြောင်း အလုပ်တို့ကို လုပ်စေရန်လည်း တဏှာက ဆုံးဖြတ်ပေးလိုက်၏။ ဤသို့လျှင် ရုပ်ဝတ္ထုပစ္စည်းတို့၏ ဆုတ်ယုတ်ပျက်စီးခြင်း, တိုးတက်ကြီးပွားခြင်းကို မှီ၍ တဏှာဝိနိစ္ဆယ ဖြစ်လာ၏။

**ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကိုမြင်၍ဒိဋ္ဌိဖြင့် ဆုံးဖြတ်ပုံ။** ။ စက္ခုပသာဒခေါ် သော မျက်စိအကြည်ဓာတ် ဖြစ်လာလတ်သော ငါ၏ အတ္တဖြစ်သော မျက်စိသည် ဖြစ်ပေါ် လာ၏ဟု ဒိဋ္ဌိက ဆုံးဖြတ်ပေး၏။ ပျက်စီးရာ၌လည်း ငါ၏အတ္တဖြစ်သော မျက်စိသည် ပျက်စီးလေ၏ဟု ဒိဋ္ဌိက ဆုံးဖြတ်ပေးပြန်၏။

ရုပ်ကိုယ်ကြီးသေဆုံးပြီးနောက် "ဘာကိုမှမတွေ့ ရ၍ သေပြီးဘာမှမရှိတော့"ဟု ဆုံးဖြတ်တာလဲ ရှိ၏။ လူဝင်စားရုပ်ကိုအကြောင်းပြုပြီး "ရှေးဘဝက လူသည် ဤဘဝသို့ ပြောင်းလာ၏"ဟု ဆုံးဖြတ်တာလဲ ရှိ၏။ ရုပ်ခန္ဓာ၌ အတ္တကောင်ရှိ၏ ဆုံးဖြတ်တာလဲ ရှိ၏။

**ဒေါသ, မုသာဝါဒ, ဝိစိကိစ္ဆာ တို့ဖြစ်ပေါ်လာပုံ။** ။ဤသုံးပါးတို့သည် သာယာဖွယ်ဖြစ်သော ကိုယ်စိတ်ချမ်းသာမှု သုခ ဣဋ္ဌာရုံ၊ မသာယာဖွယ် ဒုက္ခ အနိဋ္ဌာရုံ ဤတရားတို့ကြောင့် ဖြစ်ပေါ်လာ၏။

**ဒေါသဖြစ်ပုံ။** ။မိမိလက်ရှိဖြစ်သော သုခဝေဒနာ ဣဋ္ဌာရုံတို့ ပျက်စီးအံ့သည်မှ စိုး၍၄င်း၊ ပျက်စီးနေဆဲ ဖြစ်၍၄င်း၊ ပျက်စီးသွားပြီးဖြစ်၍၄င်း ထိုအရေးကိုအကြောင်းပြု၍ ဒေါသ(ဒေါမနဿ)ဖြစ်လာ၏။

ကိုယ်ဆင်းရဲမှု အနိဋ္ဌာရုံ ဒုက္ခဝေဒနာကြောင့် ဒေါသဖြစ်ပုံမှာ ထင်ရှား၏။

**မုသားဖြစ်ပုံ။** ။ကိုယ်စိတ်ချမ်းသာ ရရှိရေးကို အကြောင်းပြု၍ မုသာဝါဒ ပြောတတ်ကြ၏။ ကိုယ်စိတ်ဆင်းရဲမှု အနိဋ္ဌာရုံကို ကြောက်၍လည်း မုသာဝါဒကို ပြောတတ်ကြ၏။

**ဝိစိကိစ္ဆာဖြစ်ပုံ။** ။ "ငါသည် ကိုယ်စိတ်ချမ်းသာရေးနှင့် ဣဋ္ဌာရုံကို ဒီနေ့၊ ဒီနှစ်၊ ဒီဘဝ ရပါဦးမည်လော"ဟု ယုံမှားမှု ဖြစ်တတ်၏။ ဆင်းရဲဒုက္ခတွေ့လျှင် "ငါအခုတွေ့နေရသော ဆင်းရဲဒုက္ခမှ ဘယ်အခါမှ လွတ်ပါမည်နည်း၊ လွတ်နိုင်ပါဦးမည်လော" ဟု ယုံမှားဖြစ်တတ်၏။

**ယုံမှားကင်းရန် သိက္ခာသုံးပါးကျင့်။**။ ဝိစိကိစ္ဆာ မကင်းသေးသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဘုရား၏ တရားတော်များ၌ ယုံမှားမှုဖြစ်တတ်၏။ ထိုသို့ဖြစ်လျှင် "ဘုရားက သစ္စာတရားကို သေသေချာချာ ကိုယ်တိုင်သိပြီးမှ ဟောထားတာ၊ မှန်းဆဟောထားတာ မဟုတ်၊ ဟောထားသည့်အတိုင်း မသိတာက ဒေသနာအပြစ်မဟုတ်၊ ဉာဏ်နည်းပါးသည့် မိမိအပြစ်သာ"ဟု မိမိကိုယ်ကိုယ် ဆုံးမ၍ သိက္ခာသုံးပါးကို ဖြည့်ရမည်။ သီလသိက္ခာကို ဖြည့်လျှင် သီလဝိသုဒ္ဓိစခန်းသို့ ဝင်၏။ သမာဓိသိက္ခာကိုဖြည့်လျှင် စိတ္တဝိသုဒ္ဓိစခန်းသို့ကူး၏။ ပညာသိက္ခာ ဖြည့်လျှင် ဒိဋ္ဌိ-ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ-ဝိသုဒ္ဓိ စသော ထွက်ရာလမ်း ငါးရပ်သို့ ကူးတက်သွားတော့၏။ ထိုသို့ ကူးတက်နိုင်လျှင် ယုံမှားခြင်း ဝိစိကိစ္ဆာပျောက်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်၏။

**စတုတ္ထ အမေးဂါထာ**

**၈။ သာတံ အသာတဉ္စ ကုတောနိဒါနာ၊**
**ကိသ္မိံ အသန္တေ န ဘဝန္တိ ဟေ'တေ။**
**ဝိဘဝံ ဘဝဉ္စာပိ ယ'မေတ'မတ္ထံ၊**
**ဧတံ မေ ပဗြူဟိ ယတောနိဒါနံ။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဖွား မြတ်စွာဘုရား.... သာယာအပ်သော သုခ သောမနဿ ဝေဒနာတို့သည်၄င်း၊ မသာယာအပ်သော ဒုက္ခ ဒေါမနဿ ဝေဒနာတို့သည်၄င်း အဘယ်အကြောင်းကြောင့်ဖြစ်ပါကုန်သနည်း။ အဘယ်အကြောင်းတရားများမဖြစ်ပေါ်လာမှ ထိုဝေဒနာတို့ မဖြစ်ပေါ်ဘဲ ရှိပါကုန်သနည်း။ ပြတ်စဲခြင်းဟူသော ဥစ္ဆေဒဒိဋ္ဌိ၊ တည်မြဲခြင်းဟူသော သဿတဒိဋ္ဌိ၊ ဤနှစ်ပါးသည် အဘယ်ကြောင့် ဖြစ်ပါသနည်း။ ဤအကြောင်းတရားကိုလည်း အကျွန်ုပ်အား ကွဲကွဲပြားပြား ဟောကြားတော်မူပါ။**

**အဖြေဂါထာ**

**၉။ ဖဿနိဒါနံ သာတံ အသာတံ၊**
**ဖဿေ အသန္တေ န ဘဝန္တိ ဟေ'တေ။**

**ဝိဘဝံ ဘဝဏ္ဍာပိ ယ’မေတ’မတ္တံ၊**

**တော် တေ ပဗြူမိ က္ကတောနိဒါနံ။**

**မြန်မာပြန်။ ။သာယာဖွယ် သုခ သောမနဿ ဝေဒနာသည်၄င်း၊ မသာယာဖွယ် ဒုက္ခ ဒေါမနဿ ဝေဒနာသည်၄င်း အာရုံကိုတွေ့ထိသော ဖဿကြောင့် ဖြစ်၏။ ဖဿမရှိလတ်သော် (ဝါ) အာရုံကိုမတွေ့ရလျှင်ထို သာယာဖွယ် မသာယာဖွယ်တို့သည်မဖြစ်ပါကုန်။ ပြတ်စဲခြင်းဟူသော ဥစ္ဆေဒဒိဋ္ဌိ၊ တည်မြဲခြင်းဟူသော သဿတဒိဋ္ဌိ၊ ဤအယူနှစ်ပါးသည်လည်းဖဿလျှင် အကြောင်းရင်း ရှိပါ၏။ ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိတို့၏အကြောင်းရင်း ဖြစ်သော ထိုဖဿတရားကိုလည်းနိမ္မိတရုပ်ပွား သင်ဘုရားအား ပြတ်သားစွာ ဖြေကြားအပ်ပါ၏။**

**ဖဿကြောင့် ဝေဒနာဖြစ်၊** ။သတ္တဝါတို့သည် အာရုံကောင်းများနှင့် တွေ့ထိနေရလျှင် ချမ်းသာသုခဖြစ်ပြီး၊ အာရုံဆိုးများနှင့် တွေ့ကြုံနေရလျှင် ဆင်းရဲဒုက္ခ ဖြစ်ကြ၏။ ထိုသုခဒုက္ခ ဝေဒနာတို့သည် ဆိုင်ရာအာရုံများနှင့် တွေ့ထိဆက်သွယ်ပေးနေမှု ဖဿကြောင့်သာ ဖြစ်ရ၏။ ဖဿချုပ်ပျောက်သွားလျှင် ထိုဝေဒနာများလည်း ချုပ်ပျောက်သွားတော့၏။(ဖဿပစ္စယာ ဝေဒနာ-နှင့်တူ၏)

**ဥပေက္ခာဝေဒနာ သွင်းယူပုံ။** ။အလယ်အလတ်တန်းစား အဒုက္ခမသုခ ဝေဒနာဖြစ်ရာ၌ကား ကုသိုလ်၏အကျိုး ဥပေက္ခာ ကို ငြိမ်သက်သိမ်မွေ့သည့်အတွက် သာယာဖွယ်သုခဝေဒနာ၌ ထည့်သွင်းရမည်။ (ဥပေက္ခာ ပန သန္တတ္တာ သုခမိစ္စေဝ ဘာသိတာ။ ဝိသုဒ္ဓိမဂ်၊ဒု)

မကောင်းသော အကုသိုလ်ကျိုးကိုတော့ ဆင်းရဲ၍ ဒုက္ခဝေဒနာ၌ ထည့်သွင်းရမည်။ (အကုသလဝိပါကဘူတာ ဥပေက္ခာ အနိဋ္ဌတ္တာ ဒုက္ခေ အဝရောဓေတဗ္ဗာ။ ဝိသုဒ္ဓိမဂ် မဟာဋီ၊ ဒု၊ ၃၂၆။)

**ပြတ်စဲ တည်မြဲ ဖဿဘဲ။** ။သတ္တဝါများ ဘယ်တော့မှမပျက်ဘဲ တစ်ဘဝမှ တစ်ဘဝပြောင်းလျက် တည်မြဲနေ၏ဟု ယုံမှားမှု သဿတဒိဋ္ဌိသည်လည်း ရုပ်ကိုယ်ကြီးဖြစ်လျက်တည်နေသည်ကို စိတ်ဖြင့်တွေ့မှု ဖဿကြောင့်ပင် ဖြစ်၏။ သေပြီးဘာမျှမဖြစ်တော့ဟု ယူဆမှု ဥစ္ဆေဒဒိဋ္ဌိသည်လည်း ရုပ်ကိုယ်ကြီးပျက်စီးသွားသည်ကို စိတ်ဖြင့်တွေ့မှု ဖဿကြောင့် ဖြစ်ရ၏။

**ပဉ္စမ အမေးဂါထာ**

**၁၀။ ဖဿော နု လောကသ္မိ ကုတောနိဒါနော၊**

**ပရိဂ္ဂဟာ စာပိ ကုတောပဟူတာ။**

**ကိသ္မိံ အသန္တေ န မမတ္တ’မတ္ထိ၊**

**ကိသ္မိံ ဝိဘူတေ န ဖုသန္တိ ဖဿာ။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဖွား ရှင်တော်ဘုရား…လောက၌ ဖဿသည် အဘယ့်ကြောင့် ဖြစ်ပါသနည်း။ ဝတ္ထု အာရုံ ကာမဂုဏ်တို့ကို တဏှာဒိဋ္ဌိတို့ဖြင့် သိမ်းပိုက်ခြင်းသည် အဘယ်အကြောင်းကြောင့်ပါနည်း။အဘယ် အကြောင်းတရားမရှိခဲ့သော် ‘ငါ့ဟာ’ဟူသော တဏှာဖြင့် ထင်မြင်သိမ်းပိုက်ခြင်းကင်းပါသနည်း။ အဘယ် အကြောင်းတရား မရှိလတ်သော် ဖဿတို့သည် အာရုံကိုမတွေ့ထိပါတော့သနည်းမြတ်စွာဘုရား။**

**အဖြေဂါထာ**

**၁၁။ နာမဉ္စ ရူပဉ္စ ပဋိစ္စ ဖဿော၊**

**ကုဿလာနိဒါနာနိ ပရိဂ္ဂဟာနိ။**
**ကုဿလာယ’သုန္နာ န မမတ္တ’မတ္ထိ၊**
**ရူပေ ဝိဘူတေ န ဖုသန္တိ ဖဿာ။**

**မြန်မာပြန်။ ။မုနိရှုပ်ပွား မြတ်စွာဘုရား.... နာမ်ကိုင်း ရုပ်ကိုင်း အစွဲပြု၍ အာရုံကိုတွေ့မှု ဖဿဖြစ်၏။ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို သိမ်းပိုက်ခြင်းတို့သည် အလိုမပြည့် အလိုရှိသောတဏှာလျှင်အကြောင်းရင်းရှိ၏။ လိုချင်တပ်မက်မှု တဏှာမရှိလတ်သော်‘ငါ့ဟာ, ငါ့ဥစ္စာ’ဟု သိမ်းပိုက်မှုမရှိတော့ပေ။ ရုပ်တရား မဖြစ်လတ်သော် (ဝါ) ပျောက်ကွယ်သွားသည်ရှိသော်စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယ- သမ္ဖဿ တို့သည် အာရုံကိုမတွေ့ထိကြတော့ကုန်(ဝါ) ပျောက်ကွယ်ပျက်စီးကုန်သဖြင့်မဖြစ်ကြတော့ကုန်။**

**(၁) ဖဿဖြစ်ပုံ**

၁။ မျက်စိ + အဆင်း + မြင်သိစိတ် = စက္ခုသမ္ဖဿ
၂။ နား + အသံ + ကြားသိစိတ် = သောတသမ္ဖဿ
၃။ နှာခေါင်း + အနံ့ + နံသိစိတ် = ဃာနသမ္ဖဿ
၄။ လျှာ + အရသာ + စားသိစိတ် = ဇိဝှါသမ္ဖဿ
၅။ ကိုယ် + ထိတွေ့မှု + ထိသိစိတ် = ကာယသမ္ဖဿ
၆။ ဘဝင်စိတ် + ဓမ္မာရုံ + ကြံသိစိတ် = မနောသမ္ဖဿ

တနည်း။ ။စက္ခုပသာဒနှင့် ရူပါရုံဟူသော ရုပ်တရား၊ စက္ခုဝိညာဏ်နှင့် ဖဿမှတပါးသော သမ္ပယုတ်တရား တည်းဟူသော နာမ်တရား၊ ဤရုပ်နာမ်နှစ်ပါးကြောင့် စက္ခုသမ္ဖဿ ဖြစ်လာ၏။
(သဠာယတနပစ္စယာ ဖဿော-ဟူသော ပဋိစ္စသမုပ္ပါဒ်နှင့် တူ၏။)

**(၂) တဏှာနှင့်သိမ်းပိုက်**

သိမ်းပိုက်ခြင်းသည် တဏှာဖြင့် သိမ်းပိုက်ခြင်း၊ ဒိဋ္ဌိဖြင့်သိမ်းပိုက်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ ဤနှစ်ပါးသည် မပြည့်မဝနိုင်ဘဲ အမြဲသာလိုလျက်ရှိသော ရှေးရှေးတဏှာကြောင့် ဖြစ်၏။

**(၃) တဏှာကင်းရင် ငါ့ဟာကင်း**

‘ငါ့ဟာ, ငါ့ဥစ္စာ’ဟု သိမ်းပိုက်ထားခြင်းသည် တဏှာကြောင့်သာဖြစ်ရကား တဏှာကင်းလျှင် ‘ငါ့ဟာ’ဟု သိမ်းထားခြင်းလည်း မရှိတော့။

**(၄) ရုပ်မရှိ ဖဿမရှိ**

ရုပ်တရားတို့ ကျော်လွန်ပျောက်ကွယ်သည်ရှိသော် ဖဿတို့လည်း ကျော်လွန်ပျောက်ကွယ်ကုန်၏။ အရူပဈာန်လေးပါးသည် ရုပ်အာရုံကို လွန်မြောက်နေ၏။ ထိုဈာန်ကို ဝင်စားနေသောပုဂ္ဂိုလ်၌ မျက်စိ+အဆင်း စသော ရုပ်များမထင်ရှားသောကြောင့် မြင်တွေ့မှု စက္ခုသမ္ဖဿ စသော ဖဿငါးပါးလည်း ထိတွေ့ဆက် သွယ်မှုမဖြစ်ဘဲ ကင်းနေ၏။

**ရုပ်ကိုကျော်လွန်ပုံ (၄)ပါး**

(၁) ဉာတ ဝိဘူတ = ဤကား မဟာဘုတ်၊ ဤကား ဉပါဒါရုပ်ဟု ရုပ်ကိုပိုင်းခြားသိ၍ ကျော်လွန်ခြင်း။
(၂) တီရဏ ဝိဘူတ = အနိစ္စ ဒုက္ခ အနတ္တဟု ဆင်ခြင်သုံးသပ်၍ ကျော်လွန်ခြင်း။
(၃) ပဟာန ဝိဘူတ = နိစ္စ သုခ အတ္တ အစွဲကိုပယ်၍ ကျော်လွန်ခြင်း။
(၄) သမတိက္ကမ ဝိဘူတ = အရူပဈာန်လေးပါးကို ရပြီး၍ ကသိုဏ်းရုပ်ဟူသော အာရုံကို ကျော်လွန်ခြင်း။
(ထိုလေးမျိုးတို့တွင် ဤနေရာ၌ သမတိက္ကမ ဝိဘူတနည်းဖြင့် ကျော်လွန်ခြင်းသာ ဆိုင်၏။ အခြားသုံးပါး သည် ဝိပဿနာနှင့်သာ ဆိုင်၏။) (မဟာနိဒ္ဒေသ၊ ၂၁၄။)

**ဆဋ္ဌမ အမေးဂါထာ**

**၁၂။ ကထံ သမေတဿ ဝိဘောတိ ရူပံ၊**
**သုခံ ဒုခဉ္စာပိ ကထံ ဝိဘောတိ။**
**ဧတံ မေ ပဗြူဟိ ယထာ ဝိဘောတိ၊**
**တံ ဇာနိယာမာတိ မေ မနော အဟု။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဖွား မြတ်စွာဘုရား....အဘယ်သို့ကျင့်သောသူအားရုပ်အာရုံကို လွန်မြောက်ပါ သနည်း။ သုခနှင့်ဒုက္ခဖြစ်ကြောင်းအကောင်းအဆိုး ရုပ်အာရုံနှစ်မျိုးသည်အဘယ်သို့ကျင့်က ကင်းပကျော်လွန် ပါသနည်း။ အကြင်အခြင်းအရာအားဖြင့် ကင်းချုပ်ကွယ်ပျောက်လွန်မြောက်ပါ၏။ ထိုကင်းချုပ်ကွယ်ပျောက် လွန်မြောက်ပုံအခြင်းအရာကို နိမ္မိတရုပ်ပွား ငါဘုရားအား ကွဲပြားစွာ ဖြေကြားတော်မူပါ။ ထိုကွယ်ပျောက်ပုံ အခြင်းအရာကို သိရပါလိမ့်မည်ဟု ငါ၏စိတ်သည် ဖြစ်ခဲ့ပါ၏။**

**အဖြေဂါထာ**

**၁၃။ န သညသညီ န ဝိသညသညီ၊**
**နောပိ အသညီ န ဝိဘူတသညီ။**
**ဧဝံ သမေတဿ ဝိဘောတိ ရူပံ၊**
**သညာနိဒါနာ ဟိ ပပဉ္စသင်္ခါ။**

**မြန်မာပြန်။ ။နိမ္မိတရုပ်ပွါး မြတ်စွာဘုရား.... အကြင်အခြင်းအရာအားဖြင့်ကျင့်လျှင်ပကတိဖြစ်နေကျ သညာလည်း မဖြစ်၊ ဖေါက်ပြန်ရူးသွပ်သောသညာလည်း မရှိ၊ ထင်ရှားသော ရူပဈာန်သညာလည်းမဟုတ်၊ သညာ လုံးဝမရှိသည်လည်း မဟုတ်။ ဤသို့ကျင့်သောသူအားရုပ်အာရုံဟူသမျှသည်ကင်းလေတော့၏။ (ဝါ) ကျော်လွန်လေတော့၏။မှန်၏။ ထိုသို့သိရခြင်း၏အကြောင်းကားတဏှာ မာန ဒိဋ္ဌိ ဟူသော နယ်ချဲ့တရားတို့ သည် သညာလျှင်အကြောင်းအရင်းရှိကုန်၏။**

**ရုပ်တရား လွန်မြောက်အောင်ကျင့်ပုံ။** ။ကသိုဏ်းရုပ်လျှင် အာရုံရှိသော ရူပါဝစရဈာန်လေးပါးကို ရပြီးသော ပုဂ္ဂိုလ်သည် အရူပဈာန်ကိုရရန် အာကာသမှတစ်ပါးသော ကသိုဏ်း(၉)ပါးတို့တွင် တပါးပါးကို အာရုံပြု၏။ ထို့ နောက် မိမိ အာရုံပြုသော ကသိုဏ်းရုပ်ကို နှလုံးမသွင်းတော့ဘဲ ၄င်းပျံ့နှံ့ရာအရပ်ကို (အာကာသော အာကာသော = ဟင်းလင်းပြင် ဟင်းလင်းပြင်)ဟု အဖန်ဖန်အထပ်ထပ် နှလုံးသွင်း ဆင်ခြင်၏။ ထိုအခါ မူလ ကသိုဏ်းရုပ်နေရာတွင် အာကာသ-ဟင်းလင်းပြင်ကြီး ထင်လာ၏။ ဤသို့ထင်လာပြီး အာကာသာနဉ္စာယတန ဈာန်စိတ်ကို ရ၏။ ၄င်းနောက် ရုပ်အာရုံနှင့်ပို၍ဝေးကွာရန် ထိုအာကာသာနဉ္စာယတနစိတ်ကို အဖန်ဖန်ရှုပြီး ဝိညာဏဉ္စာယတနစိတ် ရပြန်၏။ ထို့နောင် အာကာသာနဉ္စာယတနဈာန်စိတ် ကင်းပုံကိုရှုပြီး အာကိဉ္စညာ-

ယတနစျာန်စိတ်ကို ရ၏။ ၎င်းအာကိဉ္စညာယတနစျာန်စိတ်ကို အာရုံပြု၍ နေ၀သညာနာသညာယတနစျာန်စိတ်ကိုရ၏။

ထိုပုဂ္ဂိုလ်သည် အခြေခံဉပစာရစျာန်အခိုက်အတန့်နှင့် အရူပစျာန်လေးပါးကို ရောက်နေသောအခါများ၌--

၁။ အာရုံငါးပါးကို မှတ်သား မိနေသော ပကတိသညာများလည်း မရှိ။

၂။ စိတ်ဖေါက်ပြန် ရူးသွပ်သော သညာမျိုးလဲ မရှိ။

၃။ ကသိုဏ်းရုပ်စသည်ကို အာရုံပြုသော ရူပါဝစရစျာန်သညာများလည်း မရှိ။

၄။ အသညသတ်ပုဂ္ဂိုလ်နှင့် နိရောဓသမာပတ် ဝင်စားနေသော ပုဂ္ဂိုလ်တို့ကဲ့သို့ သညာလုံးလုံး ကင်းနေသည်လည်း မဟုတ်။

၅။ သို့သော် အာကာသပညတ်၊ ပထမအရူပစိတ်၊ အဘာဝပညတ်၊ တတိယအရူပစိတ်တို့တွင် တပါးပါးကို အာရုံပြုလျက် မှတ်သားနေမှု သိမ်မွေ့သောသညာကား ရှိနေသေး၏။

မှတ်ချက်။ ။အာကာသာနဉ္စာယတနစျာန်ကို ရအောင်အားထုတ်သူမှာ ဉပစာရစျာန်ခဏမှ အစပြု၍ ရုပ်အာရုံအားလုံး ကင်းကွာသွားတော့၏။ ထို့ကြောင့် အရူပစျာန်ကိုရအောင် အားထုတ်နေဆဲအခိုက်မှာရော၊ အရူပစျာန်သို့ ရောက်နေဆဲမှာရော ရုပ်အာရုံကိုကျော်လွန်အောင် ကျင့်နေသည်မည်၏။

(အထက်ပါ အမှတ် ၅-ကို မဟာစည်ဆရာတော်ဘုရားကြီး၏ အာဘော်အတိုင်း ဖေါ်ပြသည်။ မဟာနိဒ္ဒေသ ပါဠိတော်၊ စာမျက်နှာ ၂၁၇-၌ "**စတုန္နံ ရူပသမာပတ္တီနံ လာဘိနော**" ဟု အမှန်ရှိရမည့်ပါဠိကို အဆင့်ဆင့်ကူး လာရင်း '**အ**' တစ်လုံးပိုထည့်ကာ "**စတုန္နံ အရူပသမာပတ္တီနံ လာဘိနော**" ဟု မှားလာခဲ့ဟန် တူသည်ဟု ကောက်ချက်ချထားသည်။ ဤသို့ယူမှ အမှတ် ၁၅-ဂါထာ၌လာသော "**ဝေဘူတဝတ်ဂ္ဂံ န ဝဒ္ဓန္တိ ပေဟကေ**" ဟူသော စကားနှင့် ရှေ့သွားနောက်လိုက် ညီပေမည်။)

**သညာကား မချုပ်သေး။** ။အခြေခံဉပစာစျာန်များနှင့်တကွ အရူပစျာန်စိတ်များ ဖြစ်ခိုက်မှာ သံသရာကိုချဲ့ ထွင်တတ်သော တဏှာလည်းဖြစ်၏။ မာနလည်းဖြစ်၏။ ဒိဋ္ဌိလည်းဖြစ်၏။ ဤသုံးပါးသည် သညာရှိနေ၍ဖြစ်၏။ သညာမရှိလျှင် မဖြစ်တော့။ ထို့ကြောင့် ထိုရုပ်အာရုံကင်းသော အခြေခံစျာန်နှင့် အရူပစျာန်များ၌ သညာမကင်း ကြောင်း သိရ၏။

**သတ္တမ အမေးဂါထာ**

**၁၄။ ယံ တံ အပုစ္ဆိမှ အကိတ္တယီ နော၊**

**အညံ တံ ပုစ္ဆာမ တဒိင်္ဃ ဗြူဟိ။**

**ဧတ္တာဝတဂ္ဂံ န ဝဒ္ဓန္တိ ဟေကေ၊**

**ယက္ခဿ သုဒ္ဓိံ ဣဓ ပဏ္ဍိတာသေ၊**

**ဥဒါဟု အညမ္ပိ ဝဒ္ဓန္တိ ဧတ္တော။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဖွားမြတ်စွာဘုရား.... တပည့်တော်မေးခဲ့သမျှအမေးပုစ္ဆာကို အရှင်ဘုရားသည် ဖြေကြားတော်မူခဲ့ပါ၏။တပည့်တော်သည် အခြားတပါးသောပုစ္ဆာကိုလည်း အရှင်ဘုရားကို မေးမြန်းပါအံ့။ တောင်းပန်ပါ၏။ ထိုအမေးပုစ္ဆာကိုလည်းအရှင်ဘုရား ဖြေကြားတော်မူပါ။**

**ဤလောက၌ မိမိကိုယ်ကို ပညာရှိဟု ဝန်ခံပြောဆိုနေကြသောအချို့ပုဂ္ဂိုလ်တို့သည်"အခြားသညာများ မရှိ၊ အရူပသညာမျှသာ ရှိသည်"ဟူသော ဤမျှဖြင့် သတ္တဝါ၏ အမြတ်ဆုံးဖြစ်သော သံသရာဝဋ်မှ ကင်းလွတ် စင်ကြယ်ခြင်းကို ပြောဆိုကြပါကုန်သလော။သို့မဟုတ်- ဤအရူပဘုံမှ အခြားသောအရာကို သတ္တဝါ၏ အမြတ် ဆုံးဖြစ်သော သံသရာဝဋ်မှ ကင်းလွတ်စင်ကြယ်ခြင်းဟူ၍ပြောဆိုကြပါသလော။**

**အဖြေဂါထာ**

**၁၅။ ဧတ္တာဝတဂ္ဂံ န ဝဒန္တိ ဟေကေ၊**
**ယက္ခဿ သုဒ္ဓိံ ဣဓ ပဏ္ဍိတာသေ။**
**တေသံ ပနေကေ သမယံ ဝဒန္တိ၊**
**အနုပါဒိသေသေ ကုသလာဝဒါနာ။**

**မြန်မာပြန်။ ။နိမ္မိတရုပ်ပွား မြတ်စွာဘုရား....ဤလောက၌ ပညာရှိဟုဝန်ခံနေကြသော သဿတဝါဒီပုဂ္ဂိုလ် တို့သည် ဤအရူပဈာန် အရူပဘဝမျှဖြင့် သတ္တဝါ၏ အမြတ်ဆုံးဖြစ်သော သံသရာမှ စင်ကြယ်လွတ်မြောက်ခြင်း ဟူ၍ (ဝါ) သံသရာဝဋ်မှ ကျွတ်လွတ်စင်ကြယ်သည့်ထာဝရဘုံတော်ဟူ၍ပြောဆိုကြပါကုန်၏။**

**ထိုမှတပါး ထိုဝန်ခံသူတို့တွင် အချို့သော ဥစ္ဆေဒဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့သည် ခန္ဓာအကြွင်းမရှိ ချုပ်ငြိမ်းပြတ်စဲခြင်းကိုအမြတ်ဆုံးဟူ၍ ပြောဆိုကြကုန်၏။**

**ထာဝရတည်မြဲသည့် သဿတဝါဒ။** ။လောက၌ မိမိကိုယ်ကို ပညာရှိဟုထင်မှတ်နေကြသည့် သဿတ ဝါဒီပုဂ္ဂိုလ်များသည် သတ္တဝါတို့၏ အမြဲထာဝရ အေးချမ်းစွာစံနေရာ ကောင်းကင်ဘုံရှိ၏ဟု ပြောဆိုကြ၏။ ကောင်းကင်ဘုံသို့ရောက်ရန်အကျင့်မှာ ကောင်းကင်ပညတ်ကိုအာရုံပြုသော အာကာသာနဉ္စာယတနဈာန်၊ ၄င်း ဈာန်မှ ဆက်၍ အထက်အထက် ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စာညာယတနဈာန်၊ နေဝသညာနာသညာ-ယတနဈာန် ဤလေးပါးပင်ဖြစ်၏။

ဤဈာန်လေးပါးကိုရလျှင် ထာဝရစံနေရာ ကောင်းကင်ဘုံသို့ရောက်၍ ဘယ်အခါမှ စုတေပျက်စီးခြင်း မရှိ။ ထာဝရတည်နေတော့၏ဟု ပြောဆိုကြ၏။

**ဘဝပြတ်စဲသည့် ဥစ္ဆေဒဝါဒ။** ။မိမိကိုယ်ကိုပညာရှိဟု ထင်မှတ်ကြသည့် ဥစ္ဆေဒဝါဒီများသည် "ဘဝ၏ အပြီး သတ် ချုပ်ငြိမ်းပြတ်စဲရာ နိဗ္ဗာန်ခေါ်သော ဘဝအဆုံးသို့ရောက်၍ မိမိလက်ရှိ ရုပ်နာမ်နှစ်ထွေ ဇီဝိန်ကြွေသည်မှ နောက်၌ တစ်စုံတစ်ခုသော ဘဝသို့ မရောက်တော့ဘဲ ပြတ်စဲချုပ်ငြိမ်း ဘဝဇာတ်သိမ်းလေတော့၏" ဟု ပြောဆိုကြ၏။

**ဘဝပြတ်ပုံ နှစ်မျိုး။** ။ အရဟတ္တမဂ်ဖိုလ်ရောက်အောင် ကျင့်ကြံ၍ ကိလေသာငြိမ်းခြင်းကြောင့် ဘဝသစ် ရုပ်နာမ်များ မဖြစ်တော့ဘဲ ပြတ်စဲခြင်းက တစ်မျိုး။ ကိလေသာကင်းအောင်ကျင့်စရာမလိုဘဲ သေပြီးနောက် ဘာမှမဖြစ်တော့ဘဲ ပြတ်စဲသွား၏ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိအရ ပြတ်စဲခြင်းက တစ်မျိုး။

**၁၆။ ဧတေ စ ဉတွာ ဥပနိဿိတာတိ၊**
**ဉတွာ မုနီ နိဿယေ သော ဝိမံသီ။**
**ဉတွာ ဝိမုတ္တော န ဝိဝါဒ'မေတိ၊**

**ဘဝါဘဝါယ န သမေတိ ဓီရောတိ။**

**မြန်မာပြန်။ ။စူးစမ်းဆင်ခြင် အမှန်မြင်တတ်သော ဉာဏ်ရှိတော်မူသော ထိုဘုရားတည်းဟူသော ရဟန်းမြတ်သည် (ဝါ) ထိုရဟန္တာသည် ဤသို့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူရှိကြကုန်သော ပုဂ္ဂိုလ်တို့ကို "ဤသူတို့သည် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကို မှီကုန်၏"ဟု သိတော်မူပြီး၍၎င်း၊ စွဲမှီရာဒိဋ္ဌိနှင့် စွဲမှီရာရုပ်နာမ် တို့ကို အမှန်အတိုင်းသိပြီး၍၎င်း၊ တေဘုမ္မက သင်္ခါရ တရားတို့ကို အနိစ္စ အစရှိသော လက္ခဏာအားဖြင့် သိတော်မူပြီး၍၎င်း၊ ဆန့်ကျင်ဘက်ကိလေသာတို့မှကင်းလွတ်တော်မူပြီးသည်ဖြစ်၍တစ်စုံတစ်ယောက်သော သူနှင့် ငြင်းခုံခြင်းသို့ မရောက်တော့ပေ။ မှန်ကန်သော ပညာဖြင့် ဆုံးဖြတ်တတ်သည်ဖြစ်၍ကာမ ရူပ အရူပ ဟူသော ဘဝကြီးငယ် အသွယ်သွယ် အကျိုးငှာ တဏှာဒိဋ္ဌိဖြင့် စွဲလမ်းတော်မမူ။**

**အဓိပ္ပါယ်။ ။ငါဘုရားတို့ကား သဗ္ဗညုတဉာဏ်ဖြင့် စူးစမ်းဆင်ခြင်တော်မူ၍သဿတ ဥစ္ဆေဒ အယူရှိသူ ပုဂ္ဂိုလ် အမျိုးအစားတို့ကိုလည်းခွဲခြားသိတော်မူ၏။ ထိုပုဂ္ဂိုလ်တို့ မှီရာအယူဝါဒ အစားစားကိုလည်းပိုင်းခြား သိတော်မူ၏။ ထိုမှတပါး သင်္ခါရတရားတို့ကိုလည်းအနိစ္စ ဒုက္ခ အနတ္တ ဟု သိတော်မူ၏။ ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားတို့ကိုလည်းပိုင်းပိုင်းခြားခြား သိတော်မူ၏။**

**ထိုသို့ သိတော်မူခြင်းကြောင့် ရာဂ ဒေါသ စသော ကိလေသာအနှောင့်အဖွဲ့မှကွင်းလုံးကျွတ်လွတ် တော်မူသည်ဖြစ်၍ ဤလောက၌ တစ်စုံတစ်ယောက်သူနှင့်မျှငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ရှိတော်မမူကုန်။ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်ပြီးသည်ဖြစ်၍ထိုထို ဘဝကြီးငယ် အသွယ်သွယ်တို့၌ လည်း စွဲလမ်းတောင့်တခြင်းရှိတော်မမူကုန်။ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောသူတို့၏အသင်းအပင်း အဖွဲ့ အစည်းသို့ အယူဝါဒချင်း တူသူအဖြစ်ဖြင့် သွားရောက်ခြင်းလည်းမရှိတော့။**

**ဥစ္ဆေဒဒါဒအရာ ဘဝပြတ်ခြင်းနှင့် ရဟန္တာ၏ ပရိနိဗ္ဗာနစုတိ မတူ။** ။ဥစ္ဆေဒအယူအရ ဘဝပြတ်ပုံမှာ မသေခင်က အတ္တအကောင်လိုက် တည်ရှိနေ၏ဟု ယူဆ၏။ သေသွားသောအခါ၌လည်း ထိုအကောင်အလိုက် ပြတ်စဲသွားသည်ဟု ယူဆ၏။ ရဟန္တာမှာကား ရဟန္တာမဖြစ်မီကလည်း ကိလေသာနှင့် ကံဟူသောအကြောင်း တရားကြောင့် မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်မျှသာ ရှိ၏ဟု ယူ၏။ ရဟန္တာဖြစ်၍ စုတိသောအခါ အကြောင်း ကိလေသာနှင့်ကံကုန်၍ အကျိုးရုပ်နာမ်အစဉ် ချုပ်ငြိမ်းခြင်းမျှသာဖြစ်၏ဟု ယူ၏။

**ကလဟဝိဝါဒသုတ္တံ နိဋ္ဌိတံ။**